သံရွာကျေးရွာ

အောင်လံမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈-၂၀၂၂)


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သံရွာကျေးရွာ၊ အောင်လံမြို့နယ်



(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်

၂၀၁၈ခုနှစ်၊ မတ်လ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသောစိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုတိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်းလူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြ ရာတွင်ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေး ဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိယုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှာလည်းကောက်ယူရရှိခဲ့ပါသည်။ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများ နှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်း ပြုပြင်ပြောင်း လဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည် ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုစမ်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်းနှစ်ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါ ဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်အကြောင်းအရာများဖြစ်ပြီး၊အဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မတ် ၊ ၂၀၁၈ခုနှစ် သံရွာကျေးရွာ၊ အောင်လံမြို့နယ်

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### (၁) နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲ ရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့ အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းများ၊ သတင်းအချက် အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့ ၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက် လိုသည့်ရည်မှန်းချက် များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ် ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ် ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများ အနေ ဖြင့်ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့ အစည်း များသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများ အား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

### (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင် ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှု ကိုတိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေး ရွေးချယ်ဆောင် ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီး များ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည်ရန်ကုန်-ပြည်-အောင်လံကားလမ်း၏အရှေ့ဘက်(၁.၅)မိုင်ခန့်အကွာတွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာအောင်လံမြို့နှင့်ဆက်သွယ်သွားလာရလွယ်ကူပါသည်။ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဖြစ်ကြပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ(၆၀)မှ (၈၀)ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်း တွင်တည်ရှိပြီးကျေးရွာ၏ အရှေ့ဘက်ခြမ်းတွင်တောတောင်မြစ်ချောင်းများရှိသော်လည်းမြေပြင်အနေအထားမှာမြေပြန့်ဖြစ်သည်။ လယ်ယာမြေများသည်စပါး၊ပဲ၊စိုက်ပျိုးထုတ်လုပ်ရန်နှင့်သက်မွေးဝမ်းကျောင်းတို့အတွက်အဓိကအားထားရာ ဖြစ်ပါသည်။ ၁၉၉၆ခုနှစ်မှဖောက်လုပ်ခဲ့သောပုဂံညောင်ဦး-ရန်ကုန်ရထားလမ်းသည်သံရွာကျေးရွာ၏အရှေ့ဘက်ခြမ်းတွင်တည်ရှိပါသည်။၎င်းရထားလမ်းရှိအမိုးဖွင့်(တံတား)မှဖြတ်သန်းစီးဆင်းလာသောချောင်းရေများသည် သံရွာကျေးရွာ၏ အနိမ့်ပိုင်းနေထိုင်သောနေအိမ်အချို့မှာမိုးတွင်းကာလတွင်၎င်းတံတားမှချောင်းရေကြီးခြင်းနှင့်အတူ ရေလွှမ်းမိုးမှုကြောင့်အန္တရာယ်ရှိနေဆဲဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ တောင်သူအချို့မှာဧရာဝတီမြစ်ရေတင်(ပန်းမတ)မှ လယ်ယာမြေဧက (၅၀)ခန့်ကိုသာရေသွင်းစိုက်ပျိုးနိုင်သည်။မြေအောက်ရေအသုံးပြုမှုရှိသည်။ ထွန်ယက်စိုက်ပျိုးနိုင် သည့်ဧက (၉၇၀.၆၂) ဧကရှိပြီး စပါး၊ နှမ်း၊ မြေပဲ၊ ဝါ ၊ ပဲတီစိမ်း၊ ပြောင်းတို့ကို အဓိကစိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၂၆၉)စုနှင့် ကျား(၄၀၃)၊ မ(၄၅၆)ဦးဖြင့် လူဦးရေပေါင်း (၈၅၉)ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၃.၁)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးထက်လျော့ နည်းပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာ ရှိလူဦးရေပေါင်း၏ (၇၅)ရာခိုင်နှုန်းခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ် များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင်စွမ်းဆောင်နိုင်သည်။ အလုပ်လုပ် နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် (၃.၁)ရာခိုင်နှုန်းမျှ ပိုများသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန် အားဖြင့်လျော့နည်းပါသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၈၀.၃) ရာခိုင်နှုန်းသည် ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ်ခံယူကြပြီး (၇.၈)ရာခိုင်နှုန်းသည် ချမ်းသာသည့် အဆင့်၊(၁၁.၉)ရာခိုင်နှုန်းသည်အလယ်အလတ်အဆင့်ရှိကြသည်ဟုသတ်မှတ်သော်လည်း ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊လက်လှမ်းမှီမှု၊စိုက်ပျိုးရေရရှိမှုနှင့်ရေသွင်းစိုင်ပျိုးနိုင်မှု တို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟုပြောနိုင်သည်။ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင်အခြား လယ်သမားအိမ်ထောင်စုအချို့မှာလည်းလက်သမား၊ပန်းရံ၊စသောလုပ်ငန်းများတွင်လည်းပါဝင်ဆောင်ရွက်ကြသည်။ ငွေချေးသောအိမ်ထောင်စုအချို့နှင့် အစိုးရ ဝန်ထမ်း အချို့လည်း ငွေရေးကြေးရေး အသင့်အတင့်အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်နည်းပါးပြီး (၇၅)ရာခိုင်နှုန်း ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲ အဆင့်ရှိအိမ်ထောင်စုများဖြစ်ကြသည်။ ကျေးရွာတွင် မြေယာမဲ့အိမ် ထောင်စုများမှာ ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရ ရှိနိုင်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀)ရာခိုင်နှုန်းဖြစ်သော (၃၁)စုကို လေ့လာ ဆန်းစစ်မှုအရ ယင်းတို့၏ (၁၀)ရာခိုင်နှုန်းမှာ သူတပါးထံမှ ချေးငှါးပြီးမှ နပ်မှန်စွာစားသုံးနိုင်ကြောင်း၊(၁၇.၅) ရာခိုင်နှုန်းမှာ(၃)လမှ(၅)လခန့်၊ (၇၂.၅)ရာခိုင်နှုန်းမှာ (၆)လမှ(၁၂)လခန့် သူတပါးထံမှချေးငှါးစရာမလိုပဲ နပ်မှန်စွာ စားသုံးနိုင်ကြကြောင်းတွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံးသည် အကြွေးငွေ (၂၀၀၀၀၀/-)ကျပ်မှ(၁၀၀၀၀၀၀/-)ကျပ်ထိ တင်ရှိနေကြသည်။ အိမ်ထောင်စုအားလုံး၏(၁.၄)ရာခိုင်နှုန်းခန့်သည် အမျိုးသမီးဦးဆောင် အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေမှာ များပြား လှသည်။ အလားတူအိမ်ထောင်ဦးစီးက ရွှာပြင်ပတွင်သွားရောက်အလုပ်လုပ် နေကြသော အိမ်ထောင်စု(၁ )စုနှင့် မုဆိုးဖို၊ တစ်ခုလပ်ဦးဆောင်သည့် အိမ်ထောင်စု(၅)စုသည် ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများ ဖြစ်ကြပါသည်။

အခြားထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှု နည်းပါးသူများဖြစ်သည့် သက်ကြီး ရွယ်အို(၆)ဦးတို့ဖြစ်ကြပါသည်။ ရွာပြင်ပသို့သွားရောက်ပြီး ဝင်ငွေရရှိ ရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတစ်ဆင့်ကူးစက်တတ် သည့် ရောဂါများ၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့ ရှိတတ်ကြသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြ သည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုတ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွါးမှု ရှိကြောင်းတွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့ သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာအတွင်းရရှိနိုင်ကြပြီး (၇)ကီလိုမီတာ ကွာဝေးပြီး ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော မြို့နယ် ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမှီသည်။

ကျေးရွာတွင် လက်နိုပ်တုံကင်၊စိမ့်ကြောရေကို (၅)ပေခန့်တူးယုံဖြင့် မြေအောက်ရေကို အလွယ်တကူရနိုင်ကြပြီး၀မ်းပျက်/ဝမ်းလျှော၊တိုက်ဖွိုက်၊အစာအိမ်ရောင်စသောရောဂါဖြစ်ပွားမှုများနည်းပါးကြောင်းတွေ့ရ သည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသာအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့် သာရှိသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိမူလတန်းကျောင်းတွင် တက်ရောက်သင်ကြားပြီး အလယ်တန်း၊ အထက် တန်းတို့တွင် အောင်လံမြို့တို့ တက်ရောက်သင်ကြားနိုင်ကြသည်။သို့သော်အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု များမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်ပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျာ်းလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်းနှင့်အထက်တန်းများတွင် မအရေအတွက်မှာ ကျားအရေအတွက်ထက် ပိုမိုများနေ၍ အမျိုးသမီး များအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာ တွင်နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီး ရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျားမ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

**၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၃)ဖွဲ့၊ ဘာသာရေးနှင့် ယဥ်ကျေးမှုဆိုင်ရာ(၂)ဖွဲ့နှင့် စီးပွားရေး ဆိုင်ရာ(၁)ဖွဲ့တို့ရှိသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီး ရေးရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှုအားနည်းသည်။နာရေးကူညီမှုအသင်းမှာ နာရေးကိစ္စအပါအဝင် လူမှုရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ မြန်မာ့အသေးစားငွေကြေး အဖွဲ့ကိုပြင်ပမှ ဖွဲ့စည်းပေးထားပြီး အသေးစားငွေစုငွေချေးလုပ်ငန်းကို လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိ

နိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုး တက်ကောင်းမွန်လာနိုင်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါးနှင့် ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၁၀၄.၃)နှင့် နွေစပါး (၅၀)ဧကကိုစိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအထွက်မှာ (၆၀)တင်း၊နွေစပါး(၈၀)တင်းနှင့် ပဲကြီး(၁၅)တင်းနှုန်းတို့ ထွက်ရှိကြသည်။နွေစပါးဧက (၅၀)ကို ပန်းမတာမြစ်ရေတင်မှ ရေသွင်းစိုက်ပျိုးကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှါးရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ တစ်ချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကိုသုံးကြသည်။ တောင်သူများသည် တစ်ခါတစ်ရံတွင် မိုးရွာ သွန်းမှုမညီမျှမှု ရင်ဆိုင်ရတတ်သည်။ ပဲကြီးစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးများ သည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့်တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးနည်းစ နစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ (၂၁.၁၈) % ဝန်းကျင်သာရှိပြီး ဒေသမှ ဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးသည့်အိမ်ထောင်စုလည်း တစ်ရွာလုံး၏ (၆၈)% ခန့်ရှိပြီး ဈေးကွက် တွင်ဝယ်လိုအားရှိသည်။ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အထူးသဖြင့်ကြက်လည်လိမ်ရောဂါ သည် အဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေး/ကု ဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကိုအလွယ်တကူ မရရှိကြချေ။ ရွာထဲမှငွေချေးသူများထံမှ ချေး ငှါးလျှင် လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ကျေးရွာတွင်မွေးမြူရန် ရေမြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာရာသီဥတုနှင့် အမျိုးအစားအလိုက်တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းများရှိကြသည်။အပ်ချုပ်၊ဇာထိုးပန်းထိုး၊ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ကားမောင်း၊ဝပ်ရှော့စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင် တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျ ကြပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေ သောအိမ်ထောင်စု အချို့သာအပ်ချုပ်၊ စက်ပြင်စသောသင်တန်းများသို့ အခကြေးငွေအကုန်အကျခံကာ ပို့လွှတ်သင် ကြားကြသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် ပဲကြီးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှုများပြားသဖြင့်မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်

လည်းပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ဤကျေးရွာမှာ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့် မုန်တိုင်းဘေးအန္တရာယ်တို့ နည်းပါးသည်။အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံ ကြုံတွေ့ရတတ်သည်။အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း(ဂ.၇)ကျပ်တိုး၊တစ်ဧက(၅ဂဂဂဂ)ကျပ်နှုန်းဖြင့်အများဆုံးဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ကျေးရွာတွင် မြန်မာ့ငွေရေးကြေးရေး အပြည်ပြည်ဆိုင်ရာကုမ္ပဏီမှ လာရောက်ဖွဲ့စည်းပေးသော မြန်မာ့ငွေရေးကြေးရေးအဖွဲ့ ဖွဲ့စည်းထားပြီးအဖွဲ့ဝင်(၂၂ဂ)ဦးရှိကာတစ်နှစ်အတိုးနှုန်း(၁.၅)% ဖြင့် အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။အဖွဲ့တွင် ချေးငွေကို (၆)လအထိ ချေးယူနိုင်ပြီး စည်းကမ်းပိုင်းတွင် တင်းကြပ်ထားသည်။တချို့အိမ်ထောင်စုများမှာရွာထဲမှ ငွေတိုးချေးစားသူများထံမှ တစ်နှစ်အတိုးနှုန်း ၃၆% မှ ၆ဂ% ဖြင့်လည်းကောင်း၊ မိတ်ဆွေ၊ မိသားစုဝင်များထံမှ တစ်နှစ်အတိုးနှုန်း ၁၅%ခန့်ဖြင့်လည်းကောင်း ချေးယူနိုင်ကြသေးသည်။ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားခြင်းမရှိသေးပါ။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက်ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင်း အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ(၂ဂဂဂဂဂ/-)ကျပ်မှ (၁ဂဂဂဂဂဂ/-)အထိ ချေးယူထားကြောင်း တွေ့ရှိရသည်။ ထိုအိမ်ထောင်စုများ၏ (၁ဂ)% သည် အကြွေးငွေ (၁ဂဂဂဂဂဂ/-)အောက် ချေးယူထားပြီး (၉ဂ)% သည် (၁ဂဂဂဂဂဂ/-) အထက်ချေးယူထားကြောင်း တွေ့ရှိခဲ့ပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းကို ၇၂ပေ×၂ဂပေ×၁၅ပေ အရွယ်ရှိသွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်းဆောင်တွင်သင်ကြားပေးသည်။ ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏(၅.၄)%မှာ ဘွဲ့ကြိုးကျောင်းပညာရေးကို ရရှိထားကြသည်။ မူလတန်းအောင်ရာခိုင်နှုန်းလည်းမြင့်မားသည်။ ယခုနှစ်ကျောင်းအပ်နှံသည့်နှုန်းထားသည်ကျေးရွာရှိမူလတန်းအရွယ်သည်အလယ်တန်းအရွယ်ထက်ကျောင်းအပ်နှံနှုန်း ပိုမိုများပြားနေကြောင်း တွေ့ရှိရသည်။ကျောင်းတွင် ပရိဘောဂတို့လုံလောက်ပြီး မူလတန်းပြဆရာ/မ (၆)ဦး တို့ရှိကြပါသည်။ ကျောင်းတွင်တပည့်ဆရာအချိုးသည် မူလတန်းတွင် (၆)ဦးရှိသဖြင့် ကျောင်းဆရာ/မ အင်အား လုံလောက်မှုရှိသည်။ လွန်ခဲ့သောကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများအတွက် ပြဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ အောင်လံမြို့ ပြည်သူ့ဆေးရုံနှင့် အလှမ်းမဝေးသဖြင့် ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့နှင့် လက်လှမ်းမီသည်။ အောင်လံမြို့သည် လျှပ်စစ်မီးရရှိသော မြို့ ဖြစ်သည့်အလျောက် အအေးခန်းဖြင့် သိုလှောင်ရန် လိုအပ်သောဆေးများအတွက် ရေခဲသေတ္တာသုံးပြီး သိုလှောင်ထားနိုင် သည်။

သောက်ရေအတွက် လက်နှိမ်ရေတုံကင်နှင့် အင်ဂျင်စက်ဖြင့်မောင်းနှင်သော စက်ရေတွင်းများသုံးစွဲကြပြီး လုံလောက်မှုရှိသည်။ ချမ်းသာသောအိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါးယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာစနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန်လွယ်ကူသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း တက်တက်ကြွကြွပါဝင်ကြပါသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်း မရှိသေးပါ။

## (ဇ) အခြေခံအဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာအဝင်လမ်းမှာ မြေသားလမ်းဖြစ်ပြီး ရွာတွင်းလမ်းမှာ သဲလမ်းဖြစ်ပါသည်။ရွာတွင်းလမ်းမှာ သဲလမ်းဖြစ်သောကြောင့် ဆိုင်ကယ်များပင်သွားလာရန် ခက်ခဲပါသည်။မိုးကာလတွင် ချောင်းရေများဝင်ရောက်သဖြင့် နေအိမ်အတွင်းရှိ ပစ္စည်းများ၊ နွား၊ ဝက်၊ ကြက် စသည်များပင် ၎င်းချောင်းရေနှင့်အတူ မျောပါကြသည်။ရွာတွင်းလမ်းသည် ကောင်းမွန်မှုမရှိပါ၍ နှစ်စဉ်အခက်အခဲများဖြင့် ရင်ဆိုင်ရလျက်ရှိပါသည်။ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(   )စီးနှင့် စက်ဘီး(   )စီး၊ ထော်လာဂျီ ( )စီးနှင့် ထရက်ကား ( )စီးတို့ကို အသုံးပြုလျက်ရှိကြသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက်ချိတ်ဆက် အသုံးပြုနိုင်သည်။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့်တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူ မရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျှော့ပါးရေး အစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

ကျေးရွာတွင် လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ( ) ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီးကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုလည်းအလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှု အတွက်လည်း အောင်လံမြို့နယ်နှင့်ပြည်မြို့ ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက်ကောင်းသော အဆင့်တွင် ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့်ဆောင်းသီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ ကျေးရွာတွင် နွေစပါးကို (၅၀)ဧက ရေသွင်းစိုက်ပျိုးနိုင်သည်။ ကျေးရွာသည် အောင်လံ၊ ပြည်၊ ရန်ကုန်မြို့များသို့ ကတ္တရာလမ်း၊ ရထားလမ်းတို့ဖြင့် ကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ရောင်းချနိုင်သည်။ ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသဖြင့်အထူးသဖြင့် ကြက်နှင့်နွားတို့ကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာ သည်။ သို့သော် မွေး/ကုဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်းတိုးမြှင့်ဆောင်ရွက်ပေးရန်လို အပ်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချော မွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီးအ ခြားသတင်းအချက် ချိတ်ဆက်အသုံးပြုနိုင်သည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများမထွက် ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြှင့်အောင် အားစိုက်ရ ပေမည်။ပန်းမတမြစ်ရေတင်မှ ရေသွင်းစိုက်ပျိုးနိုင်သော်လည်း နောက်ပိုင်းတွင်ရေသွယ်မြောင်းတိုးချဲ့ဆောက်လုပ် ပြီး ရေသွင်းစိုက်ပျိုးနိုင်မည့် စိုက်ဧကတိုးတက်လာစေရန် ဆောင်ရွက်သင့်ပါသည်။

ထို့အပြင် ပိုးသတ်ဆေးအချို့ကိုခံနိုင်သော ဖျက်ပိုးများလည်း ပဲစိုက်ခင်းများတွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပါတ် သက်၍ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ် နင်းရေး ကျင့်သုံးနိုင်ရေးအထောက်အပံ့များ ရရှိရန်လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုး နှုန်းမှာ မြင့်မားတတ်သည်။ ဘဏ်များမှကျေးရွာအရောက် ဝန်ဆောင်မှုပေးသောစနစ်လည်းမရှိပဲချေးငွေလိုအပ်သော အိမ်ထောင်စုများမှ စီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များ ဖြည့်စွက်ရာ များတွင် အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့်အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အ သတ်ရှိနေပါသည်။ ဒေသတွင်လည်းအိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည် -

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာ သင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

(၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်း များ၏ စွမ်းဆောင်ရည် မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

(၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင် ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေ ရာများနှင့်ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိလာပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ် ငန်းများအတွက် ခွဲဝေချထားပေးမည်။အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာသင်တန်းများ

တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ထားသူများက တဖန်ကျေးရွာတွင် ရရှိထားသောနည်းပညာများကိုမျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာထုတ်လုပ်မှုတိုးတက်စေမည်။

(၂) ကျွန်ုပ်တို့သည့်အပ်ချုပ်၊ဇာထိုးပန်းထိုး၊ယိုနှင့်မုန့်လုပ်နည်း၊ဆံပင်ညှပ်၊စက်ပြင်၊မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(၃) ကျေးရွာတွင် KGကျောင်းဆောင်ဆောက်လုပ်ခြင်းနှင့် ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး မူလတန်းလွန်ကျောင်းရရှိနိုင်ရေးအတွက်ဆောင်ရွက်သွားမည်။

(၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာအတွင်းချောင်းရေဝင်လမ်းလွဲခြင်း၊ လျှပ်စစ်မီးလင်းရေး၊ ကျေးလက်ဆေးပေးခန်း၊ အားကစားကွင်းရရှိရေး၊ကျေးရွာ၏ အခြေခံအဆောက်အဦများတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန် တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲ နိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့ အစည်းများကို လည်းကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

**၇။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ကျွန်တောတို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးအပြင် မတ်ပဲကို သီးထပ်အဖြစ်စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နင်းရေးအတွက် နည်းစနစ် ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန် ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေး အချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေးနည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့်လယ်သမားနှင့်အသေးစား လုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြား သည့်ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသဖြင့် မြို့နယ် သမဝါယမအသင်းကချေးငွေလိုအပ်သူရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

### (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် လျှပ်စစ်မီးရရှိပါကအသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာ ရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်း ရှိပါသည်။သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ဈေးကွက်၊သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများအတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစား လုပ်ငန်းများအတွက် အကျိုးဖြစ် ထွန်းစေမည့်လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက် အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက် တွင် ထားရှိကာတစ်နှစ်ပတ်လုံး ဝန်ဆောင် မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့်တိုးချဲ့ပညာပေးရေး ဝန်ထမ်းတစ်ချို့ ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့် ခွဲ မှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လိုအပ်သောရန်ပုံငွေလည်းရှိပါသည်။

### (င) ကျေးလက်ဈေးဆောက်လုပ်ရေး

ကျေးရွာသည် မြို့နှင့်အနီးအနားတွင်ရှိသဖြင့် ကျေးလက်ဈေးဆောက်လုပ်ထားခြင်းမရှိပါ။

## ၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘော ထားနားလည်စေနိုင်မည့် ဖော်ထုတ်ထားချက်များဖြစ်ပါသည်။ ထို့ကြောင့်စီမံချက်များသည် (၅)နှစ်တာ စီမံချက် ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင် အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်ပါသည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုမှ(၅)နှစ်တာစီမံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်ဦးစားပေး တန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ် (၃)နှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း (၅)နှစ်တာကာလတစ်လျှောက်လုံး တွင်နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် (၅)နှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ် ပေါက်ပါကအနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ဘဲနောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များ သာပါဝင်လာနိုင်ပါမည်။ထို့ကြောင့်(၅)နှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမြောက် မူဘောင် အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင် ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း

(Functionl Classification)ဖြင့် ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(EconomicClassification)သည်စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာငွေလုံးငွေရင်းအသုံးစရိတ်၊စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functionl Classification)-ဝန်ကြီးဌာနများ၊ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic Classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်ပါသည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြားခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ ကဏ္ဍအဖွဲ့ခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | ၁။ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၅၀ | ၁ | ကျေးရွာတွင်းရှိမြေသားလမ်းများကိုကျေးရွာဖွံ့ဖြိုးရေး ကော်မတီကဦးစီးပြီးဆောင်ရွက်သွားမည်။ | ကျေးလက် ဦးစီး |
| | ၂။လျှပ်စစ်မီးရရှိရေး | ၃၆ | ၂ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်လျှပ်စစ်မီးရရှိနိုင်ရန် ရန်ပုံငွေ၊နည်းပညာအထောက်အပံ့ရရှိနိုင်ရန်လျှပ်စစ် ဌာနနှင့်ပူးပေါင်းဆောင်ရွက်သွားမည်။ | - |
| ကျေးလက် | ၃။ကျေးရွာအတွင်းချောင်းရေဝင်လမ်းလွှဲခြင်း | ၃၃ | ၃ | ချောင်းရေဝင်လမ်းဆောင်ရွက်နိုင်ရေးအတွက်ကျေးလက် ဦးစီးဌာနမှနည်းပညာနှင့်ခွင်ပြုချက်ရရှိနိုင်ရန်ကျေးရွာဖွံ့ ရေးကော်မတီကချိတ်ဆက်ဆောင်ရွက်သွားမည်။ | ဦးစီး |
| | ၄။KGကျောင်းဆောင်ဆောက်လုပ်ရန် | ၃၀ | ၄ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီကဆောက်လုပ်ရေးစပ်ကော် ပညာရေးဌာနတို့နှင့်ပူးပေါင်းပြီးရန်ပုံငွေနှင့်ဆောက်လုပ် ရေးလုပ်ငန်းတို့အတွက်ဆောင်ရွက်သွားမည်။ | - |
| | ၅။ ကျေးလက်ဆေးပေးခန်းရရှိရန် | ၂၁ | ၅ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ကျေးလက်ဆေးပေးခန်းရရှိ ရန်ကျန်းမာရေးဌာနနှင့်ပူးပေါင်းဆောင်ရွက်မည်။ | - |

**(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ**

အောက်ပါဇယားတွင်လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကိုဖော်ပြထားပါသည်။

| စဉ် | စီမံချက် | အဆင့် | ၁၇-၁၈ | ၁၈-၁၉ | ၁၉-၂၀ | ၂၀-၂၁ | ၂၁-၂၂ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၁ | | | | | |
| ၂။ | လျှပ်စစ်မီးရရှိရေး | ၂ | | | | | |
| ၃။ | ကျေးရွာအတွင်းချောင်းရေဝင်လမ်းလွှဲခြင်း | ၃ | | | | | |
| ၄။ | KGကျောင်းဆောင်ဆောက်လုပ်ရန် | ၄ | | | | | |
| ၅။ | ကျေးလက်ဆေးပေးခန်းရရှိရန် | ၅ | | | | | |
| ၆။ | ကျေးရွာအုပ်ချုပ်ရေးမှူးရုံးဆောက်လုပ်ရန် | ၆ | | | | | |
| ၇။ | ရွာလယ်ဓမ္မာရုံမျက်နှာကျက်ပြုပြင်ရန် | ၇ | | | | | |
| ၈။ | အားကစားကွင်းရရှိရန် | ၈ | | | | | |
| ၉။ | ငါးကန်တိုးချဲ့ရန် | ၉ | | | | | |

**၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင်ဖော်ပြထားသောစီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည်ရည်ညွှန်းနမူနာ (Indic -ative)ဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။အမှန်တစ်ကယ်လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက် နိုင်ရန် အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်တချို့စီမံချက်များကို ရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှဘတ်ဂျက်အပါ အဝင်စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသောရည်ညွှန်းဘတ်ဂျတတ်ပမာဏတွင်ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။(ငွေသားမဟုတ်သော ထည့် ဝင်မှု၊ဥပမာ-လုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | | |
|---|---|---|---|---|---|---|---|
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | | | |
| | | | သာမန် အသုံး စရိတ် | ငွေလုံး ငွေရင်း အသုံး စရိတ် | စွမ်းဆောင် ရည်မြှင့်တင် ရေး | မှုဆိုင်ရာထောက် ပံ့မှု | လူသားချင်းစာနာ |
| ၁။ | ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၁ | | | | | |
| ၂။ | လျှပ်စစ်မီးရရှိရေး | ၂ | | | | | |
| ၃။ | ကျေးရွာအတွင်းချောင်းရေဝင်လမ်းလွှဲခြင်း | ၃ | | | | | |
| ၄။ | KGကျောင်းဆောင်ဆောက်လုပ်ရန် | ၄ | | | | | |

၅။ ကျေးလက်ဆေးပေးခန်းရရှိရန်

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ရောက်ရှိရေးမှ ကျေးရွာတွင်တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင် အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကို အဓိကတာဝန်ယူပါမည်။အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီး အား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ- မိဘဆရာ အသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေရေး ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဘက်များကိုလည်း ရှာဖွေ ဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူ ဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာသင်ကြားမှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာလုပ်ငန်း အထောက်အကူ ပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှု ဆိုင်ရာအကူအညီများရယူပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများအသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရ မည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါသည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ စိုက်ပျိုးရေး၊မွေးမြူရေးသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့များ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်းများ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

### (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း ၊စေတနာအလျှောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ထို့အ

ပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ ၊အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအားစနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။သို့မှသာရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ် လုပ်ထုံးလုပ်နည်းများ ပါဝင်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)**

အထူးသဖြင့်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏လုပ်ငန်းပိုင်း ဆိုင်ရာတိုးတက်မှု (Ph-ysicalProgress)နှင့်ငွေကြေးဆိုင်ရာတိုးတက်မှု(Finacialprogress)တို့ကို ကြီးကြပ်စစ်ဆေးပါမည်။၎င်းစစ်ဆေးခြင်းကို(၃)လပတ်အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့်သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက် နေသောအဖွဲ့အသီးသီး၊ကော်မတီအသီးသီးတို့ကမိမိတို့တာဝန်ကျရာကဏ္ဍအလိုက်စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ(Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ယင်းအခြေခံအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့်အညွှန်းကိန်း (Indicator)များ ဖြစ်ပါမည်။(၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည်၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(Monitoring Report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေး ရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်ပါမည်။(၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအ ချက်များပေါ် ဦးတည်ပါမည်-

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Ph- ysical Progress)

- * စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- * အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲ အဟန့်အတားများနှင့်ပြုပြင်သင့်သော အဆိုပြုချက်များ၊
- * ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Finacial progress)

- * ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု(မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- * (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊

* ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊

* ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ၊၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။၎င်းအစီရင် ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ ၊ ကျေးရွာသူ / သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့ ၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊သတင်းမီဒီယာများ၊ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**နောက်ဆက်တွဲ(၁)**

## (၁) ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား(၁)သံရွာကျေးရွာ၏ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁နှစ်အောက် | ၆ | ၇ | ၁၃ | ၁.၅၁ | နို့စို့အရွယ် |
| ၁နှစ်မှ၄နှစ်အထိ | ၂၄ | ၂၆ | ၅၀ | ၅.၈၂ | ၅နှစ်အောက်ကလေးငယ် |
| ၅နှစ်မှ၉နှစ်အထိ | ၂၀ | ၃၂ | ၅၂ | ၆.၀၅ | မူလတန်းကျောင်းသားအရွယ် |
| ၁၀မှ၁၄နှစ်အထိ | ၂၁ | ၂၉ | ၅၀ | ၅.၈၂ | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅နှစ်မှ၆၄နှစ်အထိ | ၃၁၇ | ၃၃၀ | ၆၄၇ | ၇၅.၃၂ | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀နှစ်နှင့်အထက် | ၁၅ | ၃၂ | ၄၇ | ၅.၄ | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | **၄၀၃** | **၄၅၆** | **၈၅၉** | **၁၀၀.၀%** | |
| **စုစုပေါင်းအိမ်ထောင်စု=၂၆၉** | | | | | **တစ်အိမ်ထောင်လူဦးရေ=၃.၁၉** |

ရည်ညွှန်း…ကျေးရွာအခြေအနေကိုကျေးရွာသူ/သားများကိုယ်တိုင်စမ်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ(၂.၃.၂၀၁၈)

### (၁.၂) အလုပ်လုပ်နိုင်သူအင်အား

ဇယား(၂)လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းကဏ္ဍများ | အဓိက အိမ်ထောင်စု | အလုပ်အကိုင် % | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | **စိုက်ပျိုးရေး(သီးနှံထုတ်လုပ်ရေး)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၀၇ | ၃၉.၇၇ | - | မိုးစပါးနှင့်ရေသွင်း(၅၀)ဧက ခန့်နွေစပါးစိုက်ပျိုးပြီးဆောင်း သီးနှံအဖြစ်ပဲကြီးကိုစိုက်ပျိုး ကြသည်။ |
| | အလုပ်သမား၊ကျပန်း၊ရာသီလိုက် အလုပ်သမား | ၁၂၆ | ၄၆.၈၄ | - | စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအားဖြင့်ပါဝင်ဆောင် ရွက်ကြပြီးရိတ်သိမ်းကာလ အလွန်တွင်ကျပန်းအလုပ်များ မှဝင်ငွေရှာဖွေကြသည်။ |
| | မိသားစုဝင်လုပ်အား | - | - | - | - |
| ၂။ | **တိရစ္ဆာန်မွေးမြူရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄ | ၁.၄၈ | - | ဆိတ်မွေးမြူရေးအလုပ်ဖြင့်အ ဓိကဝင်ငွေရှာဖွေကြသည်။ |
| | အလုပ်သမား၊ကျပန်းရာသီလိုက် အလုပ်သမား | ၇ | ၂.၆ | - | - |
| | မိသားစုဝင်လုပ်အား | - | - | - | - |
| ၃။ | **ငါးဖမ်းလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - |
| | အလုပ်သမား၊ကျပန်းရာသီလိုက် အလုပ်သမား | - | - | - | - |
| | မိသားစုဝင်လုပ်အား | - | - | - | - |

| | | | | | |
|---|---|---|---|---|---|
| ၄။ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - |
| | အလုပ်သမား၊ကျပန်းရာသီလိုက် အလုပ်သမား | - | - | - | - |
| | မိသားစုဝင်လုပ်အား | - | - | - | - |
| ၅။ | **သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - |
| | အလုပ်သမား၊ကျပန်းရာသီလိုက် အလုပ်သမား | - | - | - | - |
| | မိသားစုဝင်လုပ်အား | - | - | - | - |
| ၆။ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - |
| | အလုပ်သမား၊ကျပန်းရာသီလိုက် အလုပ်သမား | - | - | - | - |
| | မိသားစုဝင်လုပ်အား | - | - | - | - |
| ၇။ | **လျှပ်စစ်ဓါတ်ငွေ့နှင့်ရေပေးရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - |
| | အလုပ်သမား၊ကျပန်းရာသီလိုက် အလုပ်သမား | - | - | - | - |
| | မိသားစုဝင်လုပ်အား | - | - | - | - |
| ၈။ | **ဆောက်လုပ်ရေးလက်သမားပန်းရံလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၀.၃၇ | - | လက်သမားပန်းရံလုပ်ငန်းများတွင်လုပ်ကိုင်ကြသည်။ ရွာတွင်းတွင်လည်းလုပ်ကိုင်ဆောင်ရွက်ပြီးရွာပြင်ပတွင်လည်းအလျှင်းသင့်သလိုလုပ်ရပါသည်။ |
| | အလုပ်သမား၊ကျပန်းရာသီလိုက် အလုပ်သမား | - | - | - | ။ |
| | မိသားစုဝင်လုပ်အား | - | - | - | ။ |
| ၉။ | **ယဉ်စက်ကိရိယာနှင့်တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၀.၃၇ | - | - |
| | အလုပ်သမား၊ကျပန်းရာသီလိုက် အလုပ်သမား | - | - | - | စက်ပြင်ဆရာတစ်ဦးရှိပြီးအတင့်အတင့်အလုပ်ဖြစ်သည်။ |
| | မိသားစုဝင်လုပ်အား | - | - | - | - |

| | | | | | |
|---|---|---|---|---|---|
| ၁၀။ | **ကျွမ်းကျင်ပညာရှင်များ(ဆံပင်အလှပြင်အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၀.၇၄ | - | အပ်ချုပ်လုပ်ငန်းဖြင့်လုပ်ကိုင်ကြသည်။ |
| | အလုပ်သမား၊ကျပန်းရာသီလိုက်အလုပ်သမား | - | - | - | - |
| | မိသားစုဝင်လုပ်အား | - | - | - | - |
| ၁၁။ | **လက်လီ/လက်ကားရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄ | ၁.၄၈ | - | လက်လီလက်ကားဈေးဆိုင်ဖြစ်ပြီးကုန်မျိုးစုံ၊စားကုန်၊ကွမ်းယာဆိုင်စသည်တို့ပါဝင်ပါသည်။ |
| | အလုပ်သမား၊ကျပန်းရာသီလိုက်အလုပ်သမား | ၁ | ၀.၃၇ | - | - |
| | မိသားစုဝင်လုပ်အား | - | - | - | - |
| ၁၂။ | **ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၀.၃၇ | - | စားသောက်ကုန်(၁)ဆိုင်ရှိပါသည်။ |
| | အလုပ်သမား၊ကျပန်းရာသီလိုက်အလုပ်သမား | - | - | - | - |
| | မိသားစုဝင်လုပ်အား | - | - | - | - |
| ၁၃။ | **ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့်ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | ၁.၈၅ | - | မော်တော်ကား၊ထော်လာဂျီ၊သုံးဘီးယာဉ်တို့ဖြင့်မြို့နှင့်ကျေးရွာသို့သယ်ယူပို့ဆောင်ပါသည်။ |
| | အလုပ်သမား၊ကျပန်းရာသီလိုက်အလုပ်သမား | ၉ | ၃.၃၄ | - | - |
| | မိသားစုဝင်လုပ်အား | - | - | - | - |
| ၁၄။ | **ငွေချေးဝင်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့်ငွေချေးခြင်းအပါအဝင်ငွေကြေးဝင်ဆောင်မှုလုပ်ငန်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - |
| | အလုပ်သမား၊ကျပန်းရာသီလိုက်အလုပ်သမား | - | - | - | - |
| | မိသားစုဝင်လုပ်အား | - | - | - | - |

| | | | | | |
|---|---|---|---|---|---|
| ၁၅။ | **အိမ်ခြံမြေ၊ယာဉ်၊စက်ကိရိယာ၊ရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - |
| | အလုပ်သမား၊ကျပန်းရာသီလိုက်အလုပ်သမား | - | - | - | - |
| | မိသားစုဝင်လုပ်အား | - | - | - | - |
| ၁၆။ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - |
| | အလုပ်သမား၊ကျပန်းရာသီလိုက်အလုပ်သမား | - | - | - | - |
| | မိသားစုဝင်လုပ်အား | - | - | - | - |
| ၁၇။ | **ပညာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - |
| | အလုပ်သမား၊ကျပန်းရာသီလိုက်အလုပ်သမား | ၁ | ၀.၃၇ | - | ကျောင်းဆရာ/မ(၆)ဦး |
| | မိသားစုဝင်လုပ်အား | - | - | - | - |
| ၁၈။ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - |
| | အလုပ်သမား၊ကျပန်းရာသီလိုက်အလုပ်သမား | - | - | - | - |
| | မိသားစုဝင်လုပ်အား | - | - | - | - |
| ၁၉။ | **လူမှုရေးလုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - |
| | အလုပ်သမား၊ကျပန်းရာသီလိုက်အလုပ်သမား | - | - | - | - |
| | မိသားစုဝင်လုပ်အား | - | - | - | - |
| ၂၀။ | **အိမ်များတွင်အငှားလိုက်လုပ်သူများနှင့်အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - |
| | အလုပ်သမား၊ကျပန်းရာသီလိုက်အလုပ်သမား | - | - | - | - |
| | မိသားစုဝင်လုပ်အား | - | - | - | - |
| ၂၁။ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - |
| | အလုပ်သမား၊ကျပန်းရာသီလိုက်အလုပ်သမား | - | - | - | - |
| | မိသားစုဝင်လုပ်အား | - | - | - | - |
| | **စုစုပေါင်း** | **၂၆၉** | **၁၀၀%** | | |

ရည်ညွှန်း…ကျေးရွာအခြေအနေကိုကျေးရွာသူ/သားများကိုယ်တိုင်စမ်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ (၂.၃.၂၀၁၈)

**(၁.၃.၂)လုပ်ငန်းနှင့်ကျား/မအလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

ဇယား(၃) လုပ်ငန်းနှင့်ကျား/မအလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး(ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန်)ငါးဖမ်းခြင်း၊ မွေးမြူခြင်း | - | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး။ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | - | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | - | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၈ | လက်လီ/လက်ကားရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်) | - | - | - | - | - |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၆၀၀၀ | ၄၀၀၀ | - | - |

ရည်ညွှန်း…ကျေးရွာအခြေအနေကိုကျေးရွာသူ/သားများကိုယ်တိုင်စမ်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ(၂.၃.၂၀၁၈)

**(၁.၃)စိုက်ပျိုးနိုင်သောမြေဧရိယာ**

**(၁.၃.၁)ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ(မြေအသုံးချမှု)**

ဇယား(၄)သံရွာကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့** | **ဆည်ရေရရှိမှု (ရ/မရ/အည်း အကျဉ်း)** | **ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက** |
|---|---|---|---|---|
| လယ်မြေ | ၁၀၄.၃၃ | သင့် | မရ | ပန်းမတမြစ်ရေတင်မှ ဧက(၅၀)ခန့်သွင်းရေရရှိသည် |
| ယာမြေ | ၉၇၀.၆၂ | သင့် | - | - |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| ကိုင်းကျွန်းမြေ | - | - | - | - |
| ဓနိတောမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| မြေလွတ်မြေလပ် | - | - | - | - |
| **စုစုပေါင်း** | **၁၀၇၄.၉၅** | **-** | **-** | **-** |

ရည်ညွှန်း…ကျေးရွာအခြေအနေကိုကျေးရွာသူ/သားများကိုယ်တိုင်စမ်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ(၂.၃.၂၀၁၈)

**(၁.၃.၂)ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ**

ဇယား(၅) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခါတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်) | မရှိ | - |
| ကျောက်၊သဲကျောက်စရစ်စသည်များ | များ | လွယ် |
| သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ဆေးဘက်ဝင်အပင်များ) | သင့်(ထိကရုန်း၊မြင်းခွာရွက်၊လင်းနေ) | လွယ် |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | မရှိ | - |

ရည်ညွှန်း…ကျေးရွာအခြေအနေကိုကျေးရွာသူ/သားများကိုယ်တိုင်စမ်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ(၂.၃.၂၀၁၈)

**(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ**

ဇယား(၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ဧကနှင့်အထက် | ၁၀ဧကနှင့် ၅ဧကကြား | ၅ဧကအောက် | မပိုင် |
| အိမ်အခြေအနေ | တိုက်(နှစ်ထပ်) သစ်သားခင်း၊ သွပ်မိုး | သစ်သားခင်း၊သစ်သားကာ သွပ်မိုး | သစ်သားခင်း၊ ဝါးထရံကာ၊သွပ်မိုး | ကြမ်းခင်း၊ဝါးထရံ ကာ၊သက်ကယ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | ထွန်စက်၊ရေစုပ်စက်၊ နွားလှည်း၊ခိုင်းနွား၊ | ရေစုပ်စက်၊နွားလှည်း၊ ခိုင်းနွား | နွားလှည်း၊ခိုင်းနွား | မပိုင် |
| အဓိကစီးပွားရေးလုပ်ငန်း | ငွေတိုးချေးစားသူ | ဈေးရောင်း၊ပွဲစား | တောင်သူ လုပ်ငန်း | ကျပန်းအလုပ် |
| အခြားပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ်၊ဖုန်း၊တီဗွီ၊ မီးစက် | သုံးဘီးဆိုင်ကယ်၊ဖုန်း၊ ထော်လာဂျီ၊တီဗွီ၊မော် တော်ဆိုက်ကယ်၊ဆိုလာ | အပ်ချုပ်စက်၊မော်တော် ဆိုင်ကယ်၊ဖုန်း၊တီဗွီ ဆိုလာ | တစ်ပိုင်တစ်နိုင်ဝက် /ဆိတ်မွေးမြူရေး |
| အိမ်ထောင်စုပေါင်း=၂၆၉ | ၂၁ | ၃၂ | ၇၂ | ၁၄၄ |
| | ၇.၈% | ၁၁.၈% | ၂၆.၇% | ၅၃.၅% |

ရည်ညွှန်း…ကျေးရွာအခြေအနေကိုကျေးရွာသူ/သားများကိုယ်တိုင်စမ်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ(၂.၃.၂၀၁၈)

**(၁.၅)ထိခိုက်လွယ်မှု**

(၁.၅.၁)ဝမ်းစာဖူလုံမှု

ဆင်းရဲအိမ်ထောင်စုနှင့် အလွန်ဆင်းရဲအိမ်ထောင်စုပေါင်း၏ ၃၀%ဖြစ်သော ဆင်းရဲအိမ်ထောင်စု(၃၁)စုနှင့် အလွန်ဆင်းရဲအိမ်ထောင်စု(၉)စုတို့ကို တွေ့ဆုံစမ်းစစ်မှုအရ ၁၀%ဖြစ်သော အိမ်ထောင်စု(၄)စုသည် သူတစ်ပါးထံမှ မချေးမငှားပဲ နပ်မှန်မစားသောက်နိုင်ကြောင်း တွေ့ရှိရပါသည်။

ဇယား(၇)သံရွာကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ

| ကာလ | အိမ်ထောင်စု အရေအတွက် | % | ဖြေရှင်းကျော်လွှားပုံ |
|---|---|---|---|
| (၃)လအောက် | ၄ | ၁၀ | လုပ်အားကြိုတင်ရောင်းပြီးငွေရယူကာ ရိက္ခာဝယ်ယူရသည်။ |
| (၃)လမှ (၆)လ | ၇ | ၁၇.၅ | လုပ်အားခကြိုတင်ချေးယူ၍ ရိက္ခာဝယ်ယူရသည်။ |
| (၆)လမှ(၁၂)လ | ၂၉ | ၇၂.၅ | ရိက္ခာအတွက်ငွေချေးကာအလုပ်ထဲမှ(သို့)မွေးမြူရေး၊တိရစ္ဆာန်ရောင်းချရသည့်ဝင်ငွေရလျှင်ရခြင်းပြန်လည်ပေးဆပ်ကြသည်။ |

ရည်ညွှန်း…ကျေးရွာအခြေအနေကိုကျေးရွာသူ/သားများကိုယ်တိုင်စမ်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ(၂.၃.၂၀၁၈)

### (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို(၆၄)နှစ်နှင့်အထက် | မိသားစုစောင့်ရှောက်မှုမရှိ | ၁ | ၄ | ၅ |
| မသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | ၁ | ၁ |
| | | အိမ်ထောင်စုအရေအတွက် | | |
| အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | | ၄ | |
| အမျိုးသားမုဆိုးဖိုဦးဆောင်သောအိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | | ၁ | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | ဆင်းရဲသည့်အိမ်ထောင်စု | | ၁ | |

ရည်ညွှန်း…ကျေးရွာအခြေအနေကိုကျေးရွာသူ/သားများကိုယ်တိုင်စမ်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ(၂.၃.၂၀၁၈)

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | တချို့ဆင်းရဲအိမ်ထောင်စုများသည်လုပ်အားကိုကြိုတင်ရောင်းရပြီး စားနပ်ရိက္ခာမလုံလောက်မှု ရှိတတ်သည်။ |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | လတ် | လယ်ယာမြေမတိုးချဲ့နိုင်ပါ။ |
| ၃ | ရေကြီးခြင်း | လတ် | မိုးတွင်းကာလတွင် ကျေးရွာ၏အရှေ့ဘက်မှာရှိသော တောင်ကျချောင်းရေသည် ကျေးရွာတွင်းသို့ ဖြတ်သန်းစီးဆင်းပါသည် |
| ၄ | မိုးခေါင်ခြင်း | လတ် | မိုးတွင်းကာလတွင် တစ်ခါတစ်ရံကြုံတွေ့ရတတ်သည်။ |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | တစ်ခါတစ်ရံကြုံတွေ့ရတတ်သည်။ |
| ၆ | မုန်တိုင်း | နိမ့် | တစ်ခါတစ်ရံကြုံတွေ့ရတတ်သည်။ |
| ၇ | လျှပ် | နိမ့် | ကြီးမားသောထိခိုက်ခံစားရမှုမရှိသေးပါ။ |
| ၈ | မီးဘေး | နိမ့် | ဖြစ်ပွားမှုအလွန်နည်းပါသည်။ |
| ၉ | ဆားငန်ရေဝင်မြေ | - | - |
| ၁၀ | မြေပြိုခြင်း၊မြေစီလွှာပျက်ယွင်းမှု | - | - |
| ၁၁ | သစ်တောပြုန်းတီးခြင်း | - | - |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ရောဂါဖြစ်ပွားမှုမရှိပါ။ |
| ၁၃ | တီဘီရောဂါ | နိမ့် | ရွာသူ/သားများသည် တီဘီရောဂါရပ်ဆိုင်ရာအသိအမြင်များ |

| | | | |
|---|---|---|---|
| | | | ကြွယ်ဝလာကြကာ ကျန်းမာရေးအလေ့အကျင့်ကောင်းများကို သိရှိလာပြီး ရောဂါဖြစ်ပွားမှုနည်းပါးလာသည်။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | - | - |
| ၁၅ | ပြည်တွင်းပရိပက္ခ | - | - |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | နိမ့် | နွား( ခွာနာ၊လျှာနာ)ရောဂါ ၊ကြက် (လည်လိမ်ရောဂါ) တစ်ခါတစ်ရံဖြစ်ပွားသည်။ |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | - |
| ၁၈ | ဝေးလံခေါင်သည်/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | - | - |

ရည်ညွှန်း…ကျေးရွာအခြေအနေကိုကျေးရွာသူ/သားများကိုယ်တိုင်စမ်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ (၂.၃.၂၀၁၈)

**(၁.၅.၄) ကျေးရွာ၏ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု**

ဇယား(၁၀) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| **စဉ်** | **အမျိုးအစား** | **ထိခိုက်လွယ်မှု(နိမ့်/လတ်/မြင့်)** | **မှတ်ချက်** |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | လူငယ်/လူရွယ်များသည် နေရပ်မှထွက်ခွာပြီးတစ်နယ်တစ်ကျေးသို့ သွားရောက်လုပ်ကိုင်ကြကာလိင်မှတစ်ဆင့်ကူးဆက်ရောဂါအရက်နှင့်မူး ရစ်ဆေးစွဲမှုတို့ရှိတတ်သည်။ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | နိမ့် | အလုပ်ပုံမှန်မရှိခြင်းကြောင့်ဝမ်းစာမဖူလုံမှုကြုံရတတ်သည်။ |
| ၃ | မြေယာမဲ့ဆင်းရဲသားအိမ်ထောင်စု | လတ် | သဘာဝဘေးဒဏ်ပိုးမွှားရောဂါကျရောက်မှုတိရိစ္ဆာရောဂါဖြစ်ပွားမှုကုန်ဈေးနှုန်းကြီးမြင့်မှုစသည်တို့ကြုံတွေ့ရပါကဝမ်းစာမဖူလုံမှုရင်ဆိုင်ရတတ်သည်။ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူးပြောသောဒေသ | နိမ့် | ကျေးရွာအတွင်းသို့ချောင်းရေဝင်မှုကြောင့်ကျေးရွာ၏မြောက်ဘက်ခြမ်းတွင်နေထိုင်သောနေအိမ်အချို့ပျက်စီးမှုရှိခဲ့သည်။ |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | - | မရှိ |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာ(Prone to accident) | - | မရှိ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | - | မရှိ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | မိုးတွင်းကာလတွင်ကျေးရွာ၏မြောက်ဘက်ခြမ်း (မြေနိမ့်ပိုင်း)နေထိုင်သူများသည်ပျက်စီးဆုံးရှုံးမှုရှိသည်။ |
| ၉ | ငါးကန်ပိုင်ရှင်များ | - | - |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်း | နိမ့် | စိုက်ပျိုးထုတ်လုပ်သောရာသီချိန်သာအလုပ်အကိုင်ရှိတတ်ကြပြီးကျန်ရာသီများတွင်အလုပ်ပုံမှန်မရှိမှုကြောင့်ဝမ်းစာမဖူလုံမှုကိုရင်ဆိုင်ရတတ်သည်။ |
| ၁၁ | လူနည်းစုလူမျိုးများ | - | မရှိ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ | - | မရှိ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | - | မရှိ |
| ၁၄ | ရွှေတွင်းလုပ်သားများ | - | မရှိ |
| ၁၅ | ဆေးစွဲသူများ | နိမ့် | |
| ၁၆ | ကူးစက်ရောဂရနိုင်ခြေရှိသူများ | နိမ့် | - |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | နိမ့် | ဝမ်းစာမဖူလုံမှုကိုတစ်ခါတစ်ရံရင်ဆိုင်ရတတ်သည်။ |
| ၁၈ | နေရပ်ပြန်အခြေချသူများ | နိမ့် | - |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | - | - |
| ၂၀ | ကားမောင်းပြီးအသက်မွေးသူများ | နိမ့် | ကျေးရွာတွင်ကားအရေအတွက်နည်းပါးပါသည်။ |

ရည်ညွှန်း…ကျေးရွာအခြေအနေကိုကျေးရွာသူ/သားများကိုယ်တိုင်စမ်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ (၂.၃.၂၀၁၈)

## (၂)ကျေးရွာလက်ရှိဖွံ့ဖြိုးရေးအခြေအနေ

## (၂.၁)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

## (၂.၁.၁)ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေကိုသိရှိခြင်းအားဖြင့်နိုင်ငံတော်နှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများချမှတ်အကောင်အထည်ဖော်ရာတွင်ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူ ပြုနိုင်ပါသည်။ကျေးရွာ၏လက်ရှိရင်ဆိုင်နေရသောစိုက်ပျိုးရေးမွေးမြူရေးအခြားစီးပွားရေးလုပ်ငန်းများ၊ ပညာရေး ၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ပြဿနာများကိုပူးပေါင်းဖော်ထုတ်ပြီး ကျေးရွာတွင်ရှိသော အရင်းအမြစ်များ၊အခွင့်အလမ်းများကို ဖော်ထုတ်ကာ အကျိုးရှိစွာ အသုံးချပြီး သက်ဆိုင်ရာဌာနများနှင့် အစီစဉ်ကျသောမူဝါဒချိတ်ဆက်မှုများ လုပ်ဆောင်သွားနိုင်ပါမည်။

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ ကျား | မ | ပေါင်း | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ(၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| ၁ | ဓမ္မနုဂ္ဂဟ | ၂ | ၂၀ | ၃၀ | ၅၀ | ဘာသာရေး | | ၈ |
| ၂ | ပက်ချေးငွေ | ၁ | ၁၅၀ | ၁၂၀ | ၂၇၀ | ငွေကြေး | | ၈ |
| ၃ | ရောင်နီဦး | ၁ | ၁၀၀ | ၅၀ | ၁၅၀ | လူမှုဖွံ့ဖြိုးရေး | | ၇ |
| ၄ | ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ | ၁ | ၂၇ | ၇ | ၃၄ | လူမှုဖွံ့ဖြိုးရေး | | ၇ |
| ၅ | လယ်ယာမြေစိုက်ပျိုးရေးကော်မတီအဖွဲ့ | ၁ | ၅ | ၁ | ၆ | စိုက်ပျိုးမွေးမြူရေး | | ၇ |
| ၆ | မာရီစတုတ် | ၁ | - | ၆ | ၆ | ဘာသာရေး | | ၇ |
| ၇ | မီးသတ်အဖွဲ့ | ၁ | ၁၅ | - | ၁၅ | ကာကွယ်ရေး | | ၇ |

ရည်ညွှန်း…ကျေးရွာအခြေအနေကိုကျေးရွာသူ/သားများကိုယ်တိုင်စမ်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ (၂.၃.၂၀၁၈)

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု၊ လယ်သမားအဖွဲ့၊ ငွေစု၊ငွေချေးအဖွဲ့စသည့်

(၂) လူမှုရေးအဖွဲ့- ဥပမာ-အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့်ယာဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညံ့(အားနည်း)

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအဖွဲ့အစည်းများ၏အခြေအနေ

ဇယား (၁၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် |
|---|---|---|---|
| ၁ | သြဘာ | ၁ | မြို့နယ်အဆင့်ပညာရေးအတွက်ငွေကြေးထောက်ပံ့မှုအစီအစဉ် |
| ၂ | ဓမ္မရောင်ခြည် | ၁ | ဘာသာရေးနှင့်ပတ်သက်သောကျေးရွာရှိအဖွဲ့အစည်း |
| ၃ | ပက်မြန်မာ | ၂ | မြို့နယ်အဆင့်ချေးငွေလည်ပတ်ဆောင်ရွက်ရေး |

ရည်ညွှန်း…ကျေးရွာအခြေအနေကိုကျေးရွာသူ/သားများကိုယ်တိုင်စမ်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ (၂.၃.၂၀၁၈)

**မှတ်ချက်**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ-UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

## (၂.၂) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁)စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃)သံရွာကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အိမ်ထောင်စု% | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၅၃ | ၅၆.၈% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၁၆ | ၆.၀ % | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကထိ | ၂၆ | ၉.၇ % | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၅၀ | ၁၈.၆% | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | ၂၄ | ၈.၉% | တောင်သူကြီး |
| | ကျေးရာရှိအိမ်ထောင်စု၊ စုစုပေါင်း | ၂၆၉ | ၁၀၀.၀% | |

ရည်ညွှန်း…ကျေးရွာအခြေအနေကိုကျေးရွာသူ/သားများကိုယ်တိုင်စမ်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ (၂.၃.၂၀၁၈)

## (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား(၁၄) သံရွာကျေးရွာ၏ ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့်ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု(တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | - | - | - |
| ၂ | ရေလွှဲဆည် | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | အစိုးရ | ၅၀ဧက | ရာသီအလိုက် |
| ၄ | ဆည်မြောင်း | - | - | - |
| ၅ | အဝီစိတွင်း | ပုဂ္ဂလိက | - | တနှစ်ပတ်လုံး |
| ၆ | လက်ငင်ရေတွင်း | အစိုးရ/ပုဂ္ဂလိက | - | တနှစ်ပတ်လုံး |
| ၇ | စိမ့်စမ်းရေ | - | - | ရာသီအလိုက် |

ရည်ညွှန်း…ကျေးရွာအခြေအနေကိုကျေးရွာသူ/သားများကိုယ်တိုင်စမ်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ(၂.၃.၂၀၁၈)

## (၂.၂.၁.၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု အနည်းဆုံး | အများဆုံး | ပျမ်းမျှ | သီးနှံစိုက်ပျိုးသည့်ကာလ | သွင်းအားစုလိုအပ်ချက်(နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု(နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ပဲစင်းငုံ | - | တင်း | ၂ | ၄ | ၃ | - | မြင့် | လတ် | - |
| စပါး | ၁၀၄.၃၃ | တင်း | ၆၀ | ၈၀ | ၇၀ | ဝါဆို၊တန်ဆောင်မုန်း | လတ် | လတ် | - |
| ပဲ | ၁၉၄.၂၄ | တင်း | ၂၅ | ၄၀ | ၃၅ | နယုန်၊တော်သလင်း | လတ် | လတ် | - |
| နှမ်း | ၁၉၄.၂၄ | တင်း | ၅ | ၈ | ၆.၅ | နယုန်၊တော်သလင်း | လတ် | လတ် | - |
| ဝါ | ၁၉၄.၂၄ | ပိဿာ | ၃၀၀ | ၇၀၀ | ၅၀၀ | ဝါခေါင် | လတ် | လတ် | - |
| ပဲတီစိမ်း | ၁၉၄.၂၄ | တင်း | ၈ | ၁၂ | ၁၀ | နယုန် | လတ် | လတ် | - |
| ပဲကြီး | ၁၉၄.၂၄ | တင်း | ၈ | ၁၅ | ၁၂ | တော်သလင်း | လတ် | လတ် | - |

ရည်ညွှန်း…ကျေးရွာအခြေအနေကိုကျေးရွာသူ/သားများကိုယ်တိုင်စမ်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ(၂.၃.၂၀၁၈)

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား(၁၆) သံရွာကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စုအရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| ထွန်စက် | ၁ | - | - |
| ရိတ်သိမ်းစက် | - | - | - |
| လက်တွန်းထွန်စက် | - | - | (၁)ဧကလျှင်(၂)လွှာ(၃)လွှာထွန်ယက်မှုအတွက်(၂၀၀၀၀)ကျပ်မှ(၂၅၀၀၀)ကျပ်ပေးပြီးရွာပြင်ပမှငှာရမ်းနိုင်သည်။ |
| ရေစုပ်စက် | ၁၅ | - | စက်မောင်းချိန်ကုန်သောအဆီဖိုး၏(၂)ဆပေးပြီးငှားရမ်းနိုင်သည်။ |

ရည်ညွှန်း…ကျေးရွာအခြေအနေကိုကျေးရွာသူ/သားများကိုယ်တိုင်စမ်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ(၂.၃.၂၀၁၈)

## (၂.၂.၁.၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား(၁၇) သံရွာကျေးရွာ၏ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊ မြေသြဇာ)<br>ရေအရင်းအမြစ်<br>သဘာဝမြေဆွေး<br>အော်ဂဲနစ်ပိုးသတ်ဆေး | မရှိ | စိုက်ပျိုးမြေကောင်းမွန်သော်လည်းတိုးချဲ့ရန်မြေအလုံအလောက်မရှိ |
| ချေးငွေရရှိမှု | ရှိ | အချို့တောင်သူများမှာလက်တွန်းထွန်စက်ကိုငှားရမ်းခကိုအကြွေးထားပြီးသီးနှံပေါ်ချိန်တွင်ပြန်လည်ပေးဆပ်နိုင်သည်။ |
| သွင်းအားစုဈေးကွက် | ရှိ | အောင်လံမြို့နှင့်ပြည်မြို့ရှိဆိုင်များတွင်စိုက်ပျိုးရေးသွင်းအားစုများကိုအလွယ်တကူရရှိနိုင်သည်။စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းဖြန့်ဖြူးရေးကုမ္ပဏီများမှအောင်လံမြို့နှင့်ရွာကြီးများရှိဈေးဆိုင်များတွင်ဖြန့်ဖြူးရောင်းချကြသည်။ |
| ဝန်ဆောင်မှုဈေးကွက် | ရှိ | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ဆောင်မှုရရှိနိုင်သည်။တချို့ကုမ္ပဏီများလည်းမိမိတို့၏ဖောက်သည်များအတွက်ဝန်ဆောင်ပေးမှုရှိတက်သည်။ |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | ရှိ | တောင်သူများသည်လယ်ယာထွက်ကုန်များကိုအောင်လံမြို့နှင့်ပြည်မြို့ရှိပွဲစားများထံတွင်အလွယ်တကူရောင်းချနိုင်သည်။ |

ရည်ညွှန်း…ကျေးရွာအခြေအနေကိုကျေးရွာသူ/သားများကိုယ်တိုင်စမ်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ(၂.၃.၂၀၁၈)

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား(၁၈) သံရွာကျေးရွာ၏ သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| လယ်ယာမြေအသုံးချနိုင်မှု | ရှိ | မြေယာထပ်မံတိုးချဲ့ရန်အခြေအနေမပေးတော့ပါ။ |
| ငွေကြေးအရင်းအနှီးလက်လှမ်းမီမှု<br>သက်သာသောအတိုးနှုန်းဖြင့်ချေးငွေကိုအလွယ်တကူမရနိုင်ပါ | ရှိ | |
| သွင်းအားစုတက်နိုင်မှု | မရှိ | သွင်းအားစုများကိုဈေးကွက်တွင်အလွယ်တကူရနိုင်သည်။ |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | ရှိ | လယ်ယာလုပ်သားရှားပါးပြတ်လပ်မှုကိုလယ်သမားများရင်ဆိုင်ရတက်သည်။အလုပ်သမားခကြီးမြင့်မှုကြောင့်လည်းထုတ်လုပ်စရိတ်မြင့်တက်သည်။ |
| စိုက်ပျိုးရေးသွင်းအားစုများအချိန်မီအသုံးပြုနိုင်မှု | မရှိ | ဈေးကွက်တွင်စိုက်ပျိုးရေးသွင်းအားစုများကိုအလွယ်တကူရရှိနိုင်သော်လည်းတောင်သူများမှာအရင်းအနှီးမလုံလောက်မှုကြောင့်အချိန်မီအသုံးမပြုနိုင်မှုရှိတက်သည်။ |
| ဖျက်ပိုးနှင့်ရောဂါ | ရှိ | ပဲကြီးစိုက်ခင်းများတွင်အလွယ်တကူကျရောက်တက်ပြီးအချို့ဖျက်ပိုးများမှာပိုးသတ်ဆေးဒဏ်ကိုခံနိုင်ကြသည်။တောင်သူများအနေဖြင့်ထိရောက်သောပိုးမွှားနှိမ်နင်းရေးနည်းစနစ်ကိုလိုလားကြသော်လည်းလက်တွေ့အားဖြင့်ကျေနပ်ဖွယ်မရှိသေးပါ။ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | ရှိ | စိုက်ပျိုးရေးဦးစီးဌာနနှင့်စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှနည်းပညာဝန်ဆောင်မှုများရနိုင်သော်လည်းမလုံလောက်ပါ။ |
| ဈေးကွက်လက်လှမ်းမီမှု | မရှိ | ဈေးကွက်အလွယ်တကူလက်လှမ်းမီသည်။ |
| အစိုးရမူဝါဒနှင့်အစီအစဉ် | ရှိ | စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းများကိုအစိုးရ(သို့)ပုဂ္ဂလိကကုမ္ပဏီများကတောင်သူများအတွက်သက်သာသောနှုန်းထားဖြင့်ငှားရမ်းနိုင်ရေးစီစဉ်ချမှတ်သင့်သည်။ |

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

## (၂.၂.၂.၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) သံရွာကျေးရွာ၏ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၃၅ | ကျေးရွာတွင် စားကျက်မြေမရှိသော်လည်း စိုက်ပျိုးသီးနှံ |